**အခွန်တော်ဌာန**

**မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေအရ နည်းဥပဒေ။**

**အမိန့်ကြော်ငြာစာနံပါတ် ၁၉၈**

**၁၈၉၇ ခုနှစ်။ ဇွန်လ ၃ ရက်**

**(မြန်မာနိုင်ငံတော် အထက်ပိုင်းနှင့် အောက်ပိုင်းအတွက်။)**

**နယ်နိမိတ်ပိုင်းခြားခြင်းနှင့် အစီရင်ခံစာအကြောင်း။**

၁။ ။ (၁) ဆိုခဲ့သည့် အက်ဥပဒေပုဒ်မ ၁၀ အရ ပြဋ္ဌာန်းသတ်မှတ်သည့် အစီရင်ခံစာကို။ နှစ်ပိုင်းခွဲခြား ထားခွင့်ရသည်။

(က) ကွင်း။ မြို့မြေတိုင်းအကွက်။ သို့မဟုတ် အခြားငင်းအလားတူဧရိယာရပ်ကွက်အတွက် အစီရင်ခံ စာ။

(ခ) နယ်နိမိတ်တခုနှင့် ဖြစ်စေ။ အချင်းချင်း ဆက်စပ်လျက်ရှိသည့် သီးခြားနယ်နိမိတ်များနှင့် ဖြစ်စေ စပ်လျဉ်း၍ အငြင်းအခုံဖြစ်ပွါးသည့် အမှုအသီးသီးအတွက် အထူးအစီရင်ခံစာ။

(၂) ကွင်း။ အကွက်။ သို့မဟုတ် အခြားငင်းအလားတူ ဧရိယာရပ်ကွက်တစုံတရာအတွက် အစီရင်ခံစာ တွင်။ အောက်ပါအတိုင်း ပါစေရမည်။

(က) နယ်နိမိတ်သတ်မှတ်ပြီး ဦးပိုင်များ နယ်နိမိတ်အလားအလာနှင့်ပြွန်။ သို့မဟုတ် နယ်ခြားအမှတ် အသီးသီးတည်ရှိသည့် နေရာကို ဖေါ်ပြသည့် မြေပုံတခု။

(ခ) ပိုင်ရှင်။ သို့မဟုတ် လက်ရှိဝင်ရောက်လုပ်ကိုင်သူ၏အမည်။ ဦးပိုင်အသီးသီး ဧရိယာနှင့်တကွ ငင်းဦးပိုင်များစာရင်း။

(ဂ) အက်ဥပဒေပုဒ်မ ၅ အရ ပြဋ္ဌာန်းသတ်မှတ်သည့် အရပ်ရပ်ဆိုင်ရာ ကြော်ငြာစာများကို ကြော်ငြာ ကြောင်းသက်သေခံ။

(ဃ) ပုဒ်မ ၆။ ၇။ ၉ အရ ချအပ်သည့် အထူးဆင့်စာများစာရင်း ငင်းစာရင်းတွင် အထူးမှုခင်းမှတ်တမ်း သို့ ရွှေ့ပြောင်းထုတ်ယူမရှိသည့်။ သို့ချအပ်ကြောင်း သက်သေခံများ။

(င) ကွင်း အတွက်။ သို့မဟုတ် အခြားအလားတူ ဧရိယာများအတွင်း အချင်းဖြစ်ပွါးငြင်းခုံသည့် နယ်နိမိတ်အလားအလာများကို ရည်ညွှန်းသည့် အထူးမှုခင်းမှတ်တမ်းများစာရင်း။

(စ) လိုအပ်ရာအခြားအကြောင်းအရာများ။

(၃) အထူးအစီရင်ခံစာတွင်။ အောက်ပါအတိုင်းပါစေရမည်။

(က) အငြင်းအခုံဖြစ်ပွါးသည့် နယ်နိမိတ်အလားအလာများနှင့် စပ်လျဉ်းသည့် အရပ်ရပ် အထူးဆင့်စာ များကို ချအပ်ကြောင်း သက်သေခံ။

(ခ) အရပ်ရပ် အမှုသည်တို့က ဆိုင်ပိုင်သည်ဟု တောင်းဆိုသည့်နယ်နိမိတ်အလားအလာကို ဖေါ်ပြသည့် မြေပုံတခု။

(ဂ) လိုအပ်ရာ အခြားသက်သေခံနှင့် မှတ်ချက်များ။

**နယ်ခြားမှတ်တိုင်နှင့် မြေတိုင်းမှတ်တိုင်များကို မပျက်မစီးအောင် ထားရှိရန် အကြောင်း။**

Myanmar Law Information System (MLIS)

**[ပုဒ်မ ၂၅။ ၂၆ နှင့် ၂၈-က။]**

၂။ ။ အက်ဥပဒေပုဒ်မ ၃ အရ ဆောင်ရွက်ရန် မှုခင်းများ ပြီးစီးသည့်အခါ။ နယ်သတ်ဝန်က သော်၎င်း။ မြေတိုင်းတာ၍ ပြီးစီးသည့် အခါ။ အက်ဥပဒေပုဒ်မ ၂၈ အရ။ အခွင့်အာဏာရရှိသူ မြေတိုင်းအရာရှိက သော်၎င်း။ ဂရန်ထုတ်ပေးသည့် မြေရိုင်းကွင်းများတွင်မှတပါး။ ကျေးရွာနယ်နိမိတ်အတွင်းစိုက်ထူထား သည့် ထာဝရနယ်ခြားမှတ်တိုင်။ သို့မဟုတ် မြေတိုင်းမှတ်တိုင် တည်ရာနေရာများကို။ ကျေးရွာအသီးသီး ဆိုင်ရာ ရွာသူကြီးတို့ သို့မြေပေါ်တွင် ညွှန်ပြရမည့်ပြင်။ ၎င်းရွာသူကြီးအသီးသီးတို့က။ မှတ်တိုင်တည်ရာ နေရာများကို မိမိ သို့ညွှန်ပြပြီးဖြစ်ကြောင်းလက်မှတ်ရေးထိုးပါသည့် သက်သေခံ လက်မှတ်တစောင်ကို လည်း တောင်းယူရမည်။ ။ ကျောခိုင်းနံဝပ်ဖြစ်သည့် ကျေးရွာနယ်မြေနှစ်ရပ်အကြား နယ်နိမိတ်တွင် ကျရောက်သည့် မြေတိုင်းမှတ်တိုင်များကို။ ဆိုင်ရာရွာသူကြီးအသီးသီးတို့သို့အညီအမျှ ခွဲဝေပေးအပ်မြဲ ဖြစ်စေရမည်။ ။ နယ်သတ်ဝန်ကဖြစ်စေ။ မြေတိုင်းအရာရှိကဖြစ်စေ။ ရွာသူကြီးသို့။ ဆိုလတ္တံ့သောအချက် များဖေါ်ပြပါရှိသည့် စာရင်းတစောင်ကိုလည်း ပေးအပ်ပြီးလျှင်။ အက်ဥပဒေပုဒ်မ ၂၈-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီ။ ၎င်းမှတ်တိုင်များကို ကွယ်ကာစောင့်ရှောက်ရမည့်ပြင်။ တစုံတရာပျက်စီးယို ယွင်းရှိလျှင်။ ချက်ခြင်းအစီရင်ခံရမည့်အကြောင်းနှင့် ဆင့်ဆိုထားရမည်။

(က) စိုက်ထူထားသည့် ထာဝရနယ်ခြားမှတ်တိုင်။ မြေတိုင်းမှတ်တိုင်မျိုးမည်။

(ခ) ထာဝရနယ်ခြားမှတ်တိုင်။ မြေတိုင်းမှတ်တိုင်ဦးရေ။

(ဂ) ထာဝရနယ်ခြားမှတ်တိုင်။ မြေတိုင်းမှတ်တိုင် တည်ရာရပ်ကွက်များ။

ရွာသူကြီးတို့သို့ ပေးအပ်ရမည့်စာရင်းမှာ။ အောက်ပါပုံစံအတိုင်း ဖြစ်စေရမည်။


စီရင်စုနယ်။ မြို့နယ်။ တိုက်။

ရွာ။ ရွာသူကြီး။ ထံသို့ဆင့်စာ။

**သိစေရမည့်အကြောင်းမှာ။**

ပူးတွဲပါမြေပုံနှင့် စာရင်းတွင် နံပါတ်ထိုးကပ်ထားပြီးလျှင်။ သင့်အား ယခုပေးအပ်ထားခဲ့သည့် ထာဝရ မြေတိုင်းမှတ်တိုင်။ နယ်ခြားမှတ်တိုင်များကို။ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေပုဒ်မ ၂၈-က အရ မပျက်မစီးစေရန်။ သင်ကစောင့်ရှောက်ရမည့်ပြင်။ တစုံတရာပျက်စီးယိုယွင်း။ သို့မဟုတ် ပြောင်းလွှဲ ခြင်းကိုလည်း။ အနီးဆုံးသော ရာဇဝတ်ဌာနာ ကြီးကြပ်အုပ်ချုပ်သူအရာရှိထံဖြစ်စေ။ သို့မဟုတ် အနီးဆုံး သော ရာဇဝတ်တရားသူကြီးထံဖြစ်စေ။ ချက်ခြင်းအစီရင်ခံရမည်။ ၎င်းမှတ်တိုင်များမှာ။ တိုင်မျိုးဖြစ်သည်။

မြေပုံနှင့်စာရင်းကို မပျက်မစီးစေဘဲ။ သိမ်းဆည်းထားရမည်။




| မှတ်တိုင်၏ နံပါတ်စဉ်။ | မှတ်တိုင်၏ မြေတိုင်းဆိုင်ရာနံပါတ်။ | မြေကွက်၏ နံပါတ်။ | မှတ်တိုင်၏ တည်ရာနေရာဖေါ်ပြချက်အကြောင်းအရာ (လက်ရှိ လုပ်ကိုင်သည့် မြေပေါ်တွင် တည်ရှိလျှင်။ ၎င်း မြေပိုင်ရှင်အမည်နှင့် ဦးပိုင်နံပါတ်ကိုလည်း ဖေါ်ပြရမည်။) |
|---|---|---|---|
| | | | |

**ရွာသူကြီးကပေးအပ်သည့် သက်သေခံလက်မှတ်။**

အထက်ဖေါ်ပြရာပါမှတ်တိုင်များကို။ ကျွန်ုပ်အား ညွှန်ပြပြီးဖြစ်ကြောင်း။ ၎င်းပြင်ကျွန်ုပ်ကလည်း လက်ခံပြီးဖြစ်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးသည်။

______________________ရွာ။ ရွာသူကြီးလက်မှတ်။

နေ့စွဲ။

လက်မှတ်ရေးထိုးသည်။

ရာထူး။

သည်ကဲ့သို့ ပေးအပ်ပြီး စာရင်းလက်ခံတစောင်နှင့်။ ရွာသူကြီးက ပေးအပ်သည့် သက်သေခံလက်မှတ် လက်ခံတစောင်ကို။ အခွန်တော်အမှုတွဲခန်းတွင်တွဲထားရန် အရေးပိုင်ထံတင်သွင်းရမည်။

၃။ ။ နည်းဥပဒေ ၂ တွင်။ သတ်မှတ်ရာပါ အကြောင်းအရာများအရ နယ်သတ်ဝန်ကဖြစ်စေ။ မြေတိုင်း အရာရှိကဖြစ်စေ။ အမှုအလျှောက် မြန်မာနိုင်ငံတော် အောက်ပိုင်းအတွင်း။ ဂရန်ရမြေရိုင်းကွင်းရှင်တို့သို့။ ထိုလတ္တံ့သော အချက်များကို ဖေါ်ပြ၍။ ဆင့်စာချအပ်ပြီးလျှင်။ ၎င်းမှတ်တိုင်များကို။ ၎င်းတို့သို့ လွှဲအပ်ရမည့်ပြင်။ အက်ဥပဒေပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈-က ပါ ပြဋ္ဌာန်းချက်များနှင့်အညီ။ ပျက်စီးယိုယွင်း မရှိစေရန် စောင့်ရှောက်ရမည့် အကြောင်းနှင့် ဆင့်ဆိုထားရမည်။

(က) စိုက်ထူထားသည့် ထာဝရနယ်ခြားမှတ်တိုင်။ သို့မဟုတ် မြေတိုင်းမှတ်တိုင်မျိုးမည်။

(ခ) ထာဝရနယ်ခြားမှတ်တိုင်။ သို့မဟုတ် မြေတိုင်းမှတ်တိုင်ဦးရေ။

(ဂ) ထာဝရနယ်ခြားသတ်မှတ်တိုင်။ သို့မဟုတ် မြေတိုင်းမှတ်တိုင်တည်ရာရပ်ကွက်။

Myanmar Law Information System (MLIS)

၄။ ။ ယခုအရပ်ရပ်မှတ်တိုင်များစာရင်းကို။ အခွန်တော်အမှုတွဲခန်းတွင် ထားရန်ဆိုင်ရာစီရင်စုနယ်အရေး ပိုင်ထံတင်သွင်းရမည်။

၅။ ။ ထာဝရနယ်ခြားမှတ်တိုင်။ သို့မဟုတ် မြေတိုင်းမှတ်တိုင်တစုံတရာကို အသစ်ထပ်မံရိုက်ကူးခြင်းနှင့် ပြင်ဆင်ခြင်းကို၊ မြေစာရင်းအရာရှိက ပြုလုပ်ရမည်။

၆။ ၇။ ။ ၁၉၂၃ ခုနှစ်။ ဇန္နဝါရီလ ၂၄ ရက်နေ့စွဲပါ အခွန်တော်ဌာနချုပ်ဝန်ကြီးအမိန့်ကြော်ငြာစာနံပါတ် ၁၁ အရပယ်ဖျက်သည်။

## လက်အောက်အရာရှိတို့သို့အခွင့်အာဏာလွှဲအပ်ခြင်းအကြောင်း။

၈။ ။ နယ်သတ်ဝန်ကဖြစ်စေ။ နယ်ခြားဝန်ကဖြစ်စေ။ မည်သည့်လက်အောက်အရာရှိသို့မဆို။ နယ်သတ် မှတ်ရန်ကိစ္စအလို့ငှါ မည်သည့် မြေရာအတွင်းမဆို ချင်းနင်းဝင်ရောက်စေရန် အခွင့်အာဏာလွှဲအပ်နိုင် သည်။

၉။ ။ နယ်သတ်ဝန်တို့သို့ အပ်နှင်းသည့် မည်သည့် အခွင့်အာဏာကိုမျှ။ နယ်သတ်ဝန်က။ လက်အောက် အရာရှိ တဦးတယောက်သို့လွှဲအပ်ခွင့် မရှိစေရ။ သို့သော်လည်း နယ်ခြားဝန်အဖြစ် ခန့်ထားခံရသူ လက် အောက်အရာရှိတို့က ဆိုင်ရာရပ်ကွက်အတွင်း စစ်ဆေး၍ အစီရင်ခံစေရန် ဆင့်ဆိုခွင့်ရသည်။

၁၀။ ။ အက်ဥပဒေပုဒ်မ ၂၈ အရ နယ်ခြားဝန်အခွင့်အာဏာအပ်နှင်းရရှိသည့် ကွက်စိတ်မြေတိုင်းတာမှု ဆိုင်ရာ အဖွဲ့ကို ကြီးကြပ်ရသည့် အရာရှိမှာ။ မြေတိုင်းစာရေး ရာထူးအောက် မနိမ့်သည့် လက်အောက် အမှုထမ်းတဦးတယောက်သို့။

(က) မြို့မများ။ (ခ) တပ်မြို့များ။

(ဂ) စီပီစတေရှန်ရပ်ကွက်များ။

အတွင်းတည်ရှိသည့် ဦးပိုင်မြေကွက်များကို နယ်နိမိတ်သတ်မှတ်ရန်။ အက်ဥပဒေပုဒ်မ ၄။ ၅။ ၆။ ၇ နှင့် ၉ များအရ နယ်ခြားဝန်အခွင့်အာဏာကို လွှဲအပ်နိုင်သည့်ပြင်။ နယ်သတ်မှတ်တိုင်။ သို့မဟုတ် မြေတိုင်း မှတ်တိုင် တစုံတရာကို မြေရှင်။ မြေတွင်လက်ရှိ လုပ်ကိုင်နေထိုင်သူတို့က စိုက်ထူကြစေရန်။ သို့မဟုတ် မှတ်တိုင်များကို စိုက်ထူပြီးလျှင်။ သည်ကဲ့သို့ စိုက်ထူရာကုန်ကျသည့် စရိတ်ငွေကို။ မြေရှင်။ သို့မဟုတ် မြေတွင်လက်ရှိ လုပ်ကိုင်နေထိုင်သူတို့ထံ တောင်းခံခွင့်လည်းရသည်။

## ဆင့်စာ။ကြော်ငြာစာများကို ကြော်ငြာခြင်း။ ချအပ်အတည်ပြုလုပ်ခြင်းအကြောင်း။

၁၁။ ။ အက်ဥပဒေပုဒ်မ ၅ တွင် ပြဋ္ဌာန်းသတ်မှတ်လျှက်ပါသည့် အရပ်ရပ်ဆိုင်ရာ ကြောငြာစာမှာ။ နယ်ခြားဝန်ကဆိုင်ရာမြေသို့ ချင်းနင်းဝင်ရောက်မရှိမီ။ အနည်းဆုံးတလကတင်ရင်၍ ကြော်ငြာရမည်။ ကြော်ငြာရန် နည်းလမ်းမှာ မူရင်းစာတွင် ရွာသူကြီးကို လက်မှတ်ရေးထိုးစေ၍။ လက်ခံတစောင်ကို ၎င်းသို့ ပေးအပ်ရမည်။ ကျန်လက်ခံတစောင်ကိုထင်ရှားသည့် စရပ်တိုင်တခုခုတွင်ဖြစ်စေ။ ကျေးရွာ အတွင်းရှိ ထင်ရှားသည့်သစ်ပင်တွင်ဖြစ်စေ။ စွဲကပ်၍ ကြော်ငြာရမည်။ ကြော်ငြာရာအရပ်ဒေသမှာ မြို့ပြ။ တပ်မြို့။ သို့မဟုတ် စီပီစတေရှန်

ရပ်ကွပ်ဖြစ်သည့်အချက်တွင်။ အများပြည်သူတို့ဆိုင်ရာ အလုပ်ရုံများ နှင့် ကုန်ဆိုင်ကြီးများနံရံတွင် ကြော်ငြာစာလက်ခံတစောင်ကို စွဲကပ်ခြင်းဖြင့်ကြော်ငြာရမည်။

၁၂။ ။ အက်ဥပဒေပုဒ်မ ၆တွင် ပြဋ္ဌာန်းသတ်မှတ်ရာပါ အထူးဆင့်စာမှာ။ လာရောက်ရန် ချိန်းချက်သည့် နေ့ရက်မတိုင်မီ။ အနည်းဆုံး ၁၁ ရက်က တင်ရင်ထုတ်ဆင့်ရမည်။

၁၃။ ။ အက်ဥပဒေပုဒ်မ ၇ တွင် ပြဋ္ဌာန်းသတ်မှတ်ရာပါ အထူးဆင့်စာမှာ။ မြေအတွင်းသို့ နယ်ခြားဝန် ချင်းနင်းဝင်ရောက်မရှိမီ။ အနည်းဆုံး ၁၅ ရက်က တင်ရင်၍ ထုတ်ဆင့်ရမည်။

၁၄။ ။ အက်ဥပဒေပုဒ်မ ၉ တွင် ပြဋ္ဌာန်းသတ်မှတ်ရာပါ အထူးဆင့်စာမှာ။ လာရောက်ရန်။ သို့မဟုတ် စာချုပ်စာတမ်းစသည်များကို တင်ပြရန် ချိန်းချက်သည့် နေ့ရက်မတိုင်မီ။ အနည်းဆုံး ၁၀ ရက်ကတင်ရင် ၍ ထုတ်ဆင့်ရမည်။

၁၅။ ။ အက်ဥပဒေပုဒ်မ ၆။ ၇။ ၉ အရ ထုတ်ဆင့်သည့် အထူးဆင့်စာများမှာ။ ဆင့်ဆိုခံရသူတဦး။ သို့မ ဟုတ် အများတို့က။ မူရင်းဆင့်စာတွင် လက်မှတ်ရေးထိုးစေ၍။ ၎င်းတို့သို့ လက်ခံတစောင် ပေးအပ်ခြင်း ဖြင့် အတည်ပြုရမည်။ ဆင့်ဆိုခံရသူကို ရှာဖွေမတွေ့နိုင်လျှင် ဆင့်စာတစောင်ကို။ ဆင့်ဆိုခံရသူ အိမ်တံခါးတွင်စွဲကပ်ထားပြီးလျှင်။ လက်ခံစာတစောင်ကို အနီးဆုံးရှိ စရပ်တွင် စွဲကပ်၍။ မူရင်းဆင့်စာ ကို အတည်ပြုပုံနည်းလမ်းကိုဖော်ပြရာ သက်သေခံလက်မှတ်အစီရင်ခံစာနှင့်တကွ ပြန်၍သွင်းရမည်။

၁၆။ ။ ပုဒ်မ ၁၁ အရ ထုတ်ဆင့်သည့်ွ့ အရပ်ရပ်ဆိုင်ရာ ဆင့်စာမှာ။ ပုဒ်မ ၅ အရ ထုတ်ဆင့်သည့် အရပ်ရပ် ဆိုင်ရာ ဆင့်စာကို အတည်ပြုသည့်နည်းလမ်းအတိုင်းပင်အတည်ပြုရမည်။

၁၇။ ။ ပုဒ်မ ၁၁ အရ ထုတ်ဆင့်သည့် အထူးဆင့်စာမှာ။ ပုဒ်မ ၆။ ၇ နှင့် ၉ များအရ ထုတ်ဆင့်သည့် အထူးဆင့်စာများကို အတည်ပြုသည့်နည်းလမ်းအတိုင်း အတည်ပြုရမည်။

၁၈။ ။ ပုဒ်မ ၂၄။ ၂၅ နှင့် နည်းဥပဒေ ၂။ ၃ များအရ ထုတ်ဆင့်သည့်နို့တစ်စာများမှာ။ ပုဒ်မ ၆။ ၇ နှင့် ၉ များအရ ထုတ်ဆင့်သည့် အထူးဆင့်စာများကို အတည်ပြုသည့် နည်းလမ်းအတိုင်း အတည်ပြုရမည်။

**----- Footnote -----**

[ပင်ရင်း- ၁၈၉၇ ခုနှစ် ဇွန်လ ၃ ရက်နေ့စွဲပါ ပြန်တမ်း၊ ဒုတိယတွဲ၊ စာမျက်နှာ (၃၄၇)။]

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ။

Myanmar Law Information System (MLIS)